# သုံးစွဲရန်မသင့်သော အလှကုန်ပစ္စည်းများကို အများပြည်သူသိရှိရန်

# အသိပေးကြေငြာချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်၍ ကျန်းမာရေးအတွက် ဘေးအန္တရာယ်ကင်းရှင်းသော အလှကုန်ပစ္စည်းများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စနစ်တကျကွပ်ကဲလျက်ရှိပါသည်။

၂။ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် ပြည်တွင်း၌ ရောင်းချနေသည့်အလှကုန်ပစ္စည်းများကိုစစ်ဆေးခဲ့ရာ အောက်ဖော်ပြပါအလှကုန်ပစ္စည်း(၁၀)မျိုးသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၌ မှတ်တမ်းတင်ထားခြင်းမရှိသည့်အပြင် ကျန်းမာရေးအတွက်ဘေးအန္တရာယ်ဖြစ်စေနိုင်သော တားမြစ်ဓါတုပစ္စည်းများပါဝင်နေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အများပြည်သူလူထုသုံးစွဲရန် မသင့်တော်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

| စဉ် | အလှကုန်ပစ္စည်းအမည် | ထုတ်လုပ်သည့် ကုမ္ပဏီ | တွေ့ရှိချက် | ပစ္စည်းနမူနာ |
|---|---|---|---|---|
| ၁။ | HANNIYA Goddess Moisture Lipstick – 01 | ဖော်ပြမထားပါ | Lead(+) |  |
| ၂။ | OIANXIU Lipstick (No.01) | ဖော်ပြမထားပါ | Lead(+) |  |

| | | | | |
|---|---|---|---|---|
| ၃။ | OIANXIU Lipstick (No.02) | ဖော်ပြမထားပါ | Lead(+) |  |
| ၄။ | ROMANTIC MAY Lipstick (Matte) | ဖော်ပြမထားပါ | Rhodamine B (+) |  |
| ၅။ | Civic MAKE UP KIT (Eye Shadow & Lipstick & Blusher)Two Way Cake | ဖော်ပြမထားပါ | Rhodamine B & Pigment Orange (+) |  |

| | | | | |
|---|---|---|---|---|
| ၆။ | Petic (Lipstick with Vitamin E & Aloe Vera) | Eastern Bear Trading Co., LLC., China. | Rhodamine B(+) |   |
| ၇။ | Huayue nong 7 Day Red The White Removing Cream | TAIWAN. | Mercury(+) |   |
| ၈။ | O White Extra Whitening Cream | Ok Cosmetics Ltd. Partnership, Thailand. | Mercury(+) |   |
| ၉။ | LAY NOW Whitening Night Cream | ဖော်ပြမထားပါ | Hydroquinone(+) |   |
| ၁၀။ | Tanya Double White Facial Cream | ဖော်ပြမထားပါ | Mercury(+) |   |

၃။ တားမြစ်ဓါတုပစ္စည်းများသည် အရေပြားယားယံခြင်း၊ ရောင်ရမ်းခြင်း၊ အဖြူအနီကွက်များ ဖြစ်ခြင်း၊ အရေပြားမှတဆင့်ခန္ဓာကိုယ်အတွင်းသို့စုပ်ယူ၍ ထုံကျင်ခြင်း၊ ကြွက်သားတုန်ခါခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ခေါင်းကိုက်ခြင်းနှင့်စိတ်ကျရောဂါများအပြင် ရေရှည်သုံးစွဲပါကကျောက်ကပ် ပျက်စီးခြင်းနှင့် အခြားရောဂါများဖြစ်ပွားနိုင်ပါသည်။

၄။ အလှကုန်ပစ္စည်းတင်သွင်းဖြန့်ဖြူးရောင်းချသည့် ကုမ္ပဏီနှင့်လက်လီလက်ကားဆိုင်များသည် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် မှတ်တမ်းတင်ထားခြင်းမရှိသော အများ ပြည်သူသုံးစွဲရန် မသင့်ကြောင်းကြေငြာထားသည့် အလှကုန်ပစ္စည်းများတင်သွင်းဖြန့်ဖြူး ရောင်းချ ခြင်းများကိုကျင့်ဝတ်(Ethic)အရ လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါကသက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက ပြည့်သူ့ကျန်းမာရေးဆိုင်ရာဥပဒေပုဒ်မ ၃၊ အပိုဒ်(၃)(ဃ)အရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန